# တိုက်ပွဲအခြေအနေထုတ်ပြန်ကြေညာခြင်း

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်နေ့။

ယနေ့ စက်တင်ဘာလ (၂၅) ရက်နေ့ ဒီးမော့ဆိုမြို့နယ်၊ ကုန်းသာကျေးရွာဖက်သို့ အင်အားအလုံးအရင်းဖြင့် ထိုးစစ်ဆင်လာသော အကြမ်းဖက် စစ်ကောင်စီတပ်များကို ကရင်နီပူးပေါင်းတပ်များမှ ခုခံတိုက်ခိုက်လျက်ရှိသဖြင့် မနက် (၈း၄၅) မှစ၍ ညနေ (၇း၀၀) နာရီအထိ တိုက်ပွဲအပြင်းအထန် ဖြစ်ပွားခဲ့ပါသည်။

ဒီးမော့ဆိုမြို့နယ် ကုန်းသာကျေးရွာ၊ သေးဆူလဲကျေးရွာနှင့် ကျောက်ဆည်ကန်၊တို့တွင် နှစ်ဖက်ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက် စစ်ကောင်စီတပ်များ၏ ဒီးမော့ဆိုမြို့နယ် အခြေစိုက်တပ်ရင်းများမှ လက်နက်ကြီးများဖြင့်ယခုအချိန်အထိ အဆက်မပြတ် ရမ်းသမ်း ပစ်ခတ်လျက်ရှိပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်များသည် ကုန်းသာ ကျေးရွာနှင့် သေးဆူလဲကျေးရွာတွင် ဝင်ရောက်တပ်စွဲလျက်ရှိပြီး၊ ထိုကျေးရွာများအတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်စီးခဲ့ပါသည်။ တိုက်ပွဲများအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဘက်မှ (၄) ဦးသေဆုံး ကြောင်းအတည်ပြုနိုင်ခဲ့ပြီး ထိုထက်မကသော ထိခိုက်သေဆုံးမှုရှိနိုင်ပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များကိုခုခံတိုက်ခိုက်ရင်း မိမိတို့ဘက်မှ ရဲဘော် တစ်ဦး ကျဆုံးခဲ့ပါသည်။ ကျဆုံးသွားသောရဲဘော်ကို တော်လှန်ရေးအာဇာနည် သူရဲကောင်းအဖြစ် သမိုင်းမှတ်တမ်းတင် အလေးပြုပါသည်။

ဒီးမော့ဆိုမြို့နယ်အတွင်း ထိုးစစ်ဆင်လာသော အကြမ်းဖက်စစ် ကောင်စီတပ်များကို ကရင်နီတပ်မတော် (KA)၊ KNDF နှင့် ပြည်သူ့ကာကွယ်ရေးတပ်များမှ ခုခံတိုက်ခိုက်လျက်ရှိပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။

၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈။